# နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန
# ၂၀၂၆ –၂၀၂၇ ဘဏ္ဍာရေးနှစ်
# ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း သန့်စင်ခန်းနှင့် ရေချိုးခန်းဝင်ကြေးကောက်ခံခွင့် လိုင်စင်စည်းကမ်းသတ်မှတ်ချက်များ

၁။ အများသုံးသန့်စင်ခန်းနှင့်ရေချိုးခန်းဝင်ကြေးကောက်ခံခွင့် လိုင်စင်ရရှိသူသည် ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းရှိ အများသုံးသန့်စင်ခန်းနှင့်ရေချိုးခန်းတို့၌သာ ကောက်ခံရမည်ဖြစ်ပြီး အခြားမည်သည့်နေရာနှင့်မျှ မသက်ဆိုင်စေရ။

၂။ သန့်စင်ခန်းနှင့်ရေချိုးခန်း ဝင်ကြေးကောက်ခံခြင်းလုပ်ငန်းကို နေ့စဉ်နံနက်(၀၆:၀၀)နာရီမှ နောက်တစ်နေ့နံနက်(၀၆:၀၀)နာရီအထိ (၂၄)နာရီကောက်ခံခွင့်ရှိသည်။

၃။ သန့်စင်ခန်းနှင့်ရေချိုးခန်းဝင်ကြေးကောက်ခံရာတွင် သတ်မှတ်ထားသော အောက်ပါနှုန်းထားများအတိုင်း နေ့စွဲနှင့်တံဆိပ်ပါ ပြေစာနှင့်တကွ ကောက်ခံရမည်ဖြစ်ပြီး ( ၂ ပေ × ၁ ပေ ) အရွယ်နှုန်းထားဆိုင်းဘုတ်ကို အများမြင်သာသောနေရာတွင် ချိတ်ဆွဲထားရှိရမည်။ လိုင်စင်ရရှိသူသည် ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ပြေစာပုံစံပြောင်းလဲခြင်း၊ ဌာန၏တံဆိပ်ပြောင်းလဲအသုံးပြုခြင်းမပြုရ–

( က ) သန့်စင်ခန်းအသုံးပြုမှု တစ်ဦးလျှင်(၁)ကြိမ် ၂၀၀/–(ကျပ်)

( ခ ) ရေချိုးခန်းအသုံးပြုမှု တစ်ဦးလျှင်(၁)ကြိမ် ၂၀၀/–(ကျပ်)

၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ သတ်မှတ်ပေးသည့် ပြေစာပုံစံကိုသာအသုံးပြုရမည်။ ကောက်ခံမည့်ပုဂ္ဂိုလ်များသည် အလုပ်သမားဥပဒေနှင့်အညီ အသက်(၁၈)နှစ်ပြည့်သူများကို တာဝန်ပေးရမည်ဖြစ်ပြီး ယင်းတို့၏အမည်နှင့် ကိုယ်ရေးအချက်အလက်များနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ အရက်သေစာမူးယစ်ဆေးဝါးသုံးစွဲမှုမရှိကြောင်း လိုင်စင်ရရှိသူ ကိုယ်တိုင်အခွန်ဌာနသို့တင်ပြပြီး ဌာနမှထုတ်ပေးသော စိစစ်ရေးကတ်ပြားများ တပ်ဆင်၍သတ်မှတ်ပေးထားသောဝတ်စုံ အမျိုးသား(အင်္ကျီအဖြူ၊ဘောင်းဘီနက်ပြာ)၊အမျိုးသမီး(အင်္ကျီအဖြူ၊ လုံချည်နက်ပြာ)ကိုသာ သပ်ရပ်တည်ကြည်စွာ ဝတ်ဆင်ကောက်ခံရမည်။ ကြုံရာကျပန်း တာဝန်ပေးကောက်ခံစေခြင်းမပြုရ။ထို့အပြင် ဂိတ်တာဝန်ခံနှင့် ကောက်ခံမည့်ပုဂ္ဂိုလ်များ၏ ဓာတ်ပုံများအား ဂိတ်အတွင်း သတ်မှတ်ပုံစံအတိုင်း ချိတ်ဆွဲထားရှိရမည်။ ဂိတ်တာဝန်ခံနှင့် ကောက်ခံသူပြောင်းလဲပါက ဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

၅။ သန့်စင်ခန်းနှင့်ရေချိုးခန်းအား အမြဲသန့်ရှင်းစေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် လိုင်စင်ရရှိသူမှတာဝန်ယူရမည်။ မိလ္လာအညစ်အကြေးစွန့်ပစ်ရန် မိလ္လာယာဉ်နှင့်လုပ်သားအား နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ စီစဉ်ပေးမည်ဖြစ်ပြီး ကုန်ကျစရိတ်နှင့် လုပ်အားခအား လိုင်စင်ရရှိသူမှ ကျခံရမည်။

၆။ သန့်စင်ခန်းနှင့်ရေချိုးခန်းအတွင်း အနံ့အသက်ဆိုးများမထွက်ရှိစေရေး စွန့်ပစ်အရည်များကြောင့် ရေမြောင်းတလျှောက်ညစ်ပတ်မှုမရှိစေရေးလိုင်စင်ရရှိသူမှ ဆောင်ရွက်ရမည်။

၇။ သန့်စင်ခန်းနှင့်ရေချိုးခန်းတို့အား ကော်မတီမှတာဝန်ပေးအပ်ခံရသူများ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးပါက အစစ်ဆေးခံရမည်။

၈။ ကော်မတီမှလိုအပ်၍ သန့်စင်ခန်းနှင့်ရေချိုးခန်းအား ယာယီပိတ်သိမ်းခိုင်းသည့်အခါ လိုင်စင်ရရှိသူမှ နစ်နာကြေးတောင်းခံခြင်း မရှိစေရ။ ရေစက်ပျက်ခြင်းအတွက် ရေမရရှိပါက နစ်နာကြေးငွေ တောင်းခံခွင့်မရှိပါ။ ရေရရှိရန် လိုင်စင်ရရှိသူ၏အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ လုံလောက်သောရေ ရရှိရေး စီစဉ်ဆောင်ရွက်ထားရှိရမည်။

၉။ သန့်စင်ခန်းနှင့်ရေချိုးခန်းအတွက်အသုံးပြုမှုကျသင့်သော လစဉ်လျှပ်စစ်ဓါတ်အားခနှင့် ရေမီတာခကျသင့်ငွေများအား လိုင်စင်ရရှိသူမှ ကျခံရမည်။

၁၀။ လိုင်စင်ရရှိသူသည် သန့်စင်ခန်းနှင့်ရေချိုးခန်းအတွင်း တပ်ဆင်ထားသောပစ္စည်းများ ပျက်စီး၊ ပျောက်ဆုံးမှုမရှိစေရန်နှင့် ပျက်စီး၊ ပျောက်ဆုံးပါက မူလအနေအထားအတိုင်း ပြန်လည်ပြုပြင်ပေးရမည် (သို့မဟုတ်) တန်ဖိုးငွေအား ပေးလျော်ရမည်။

၁၁။ သန့်စင်ခန်းနှင့်ရေချိုးခန်းအတွင်း ဆပ်ပြာခဲ၊ အနံ့ပျောက်ဆေးခဲ၊ ပရုပ်လုံးများ မပြတ်ထားရှိပေးရမည်။ သန့်စင်ခန်းနှင့်ရေချိုးခန်းအတွင်း ကုန်ပစ္စည်းများ သိုလှောင်၊လက်ခံ၊ ထိန်းသိမ်း ခြင်းမပြုလုပ်ရ။ သန့်စင်ခန်းနှင့်ရေချိုးခန်းဧရိယာအတွင်း အဆောက်အဦများ တိုးချဲ့ဆောက်လုပ် ခြင်းမပြုရ၊ ဈေးရောင်းချခြင်းမပြုရ။

၁၂။ သန့်စင်ခန်း၊ ရေချိုးခန်းအတွင်းနှင့် ပတ်ဝန်းကျင်တွင် ဥပဒေနှင့် မလွတ်ကင်းသော ပစ္စည်းများ ထားရှိခြင်း၊ လောင်းကစားခြင်းမပြုရ။

၁၃။ လိုင်စင်သက်တမ်းကာလ အညစ်အကြေးများ ထုတ်ယူရှင်းလင်းခြင်းကို လိုင်စင်သက်တမ်းနောက်ဆုံးလအတွင်း ပြီးစီးအောင် ရှင်းလင်းဆောင်ရွက်ပေးရမည်။ ထိုသို့ရှင်းလင်းမှုအား တာဝန်ခံအရာရှိမှစစ်ဆေးရာတွင်ကျေနပ်ဖွယ်တွေ့ရှိမှသာ အာမခံအပ်ငွေအားပြန်လည် ထုတ်ပေးမည်ဖြစ်သည်။

၁၄။ လိုင်စင်ရရှိသူသည် ကော်မတီကအခါအားလျော်စွာထုတ်ပြန်သော စည်းကမ်းချက်များနှင့် အခွင့်အရေးလိုင်စင် အထွေထွေစည်းကမ်းချက်များကိုလည်း လိုက်နာရမည်။

C:\Users\USER\Desktop\Rule 26-27 - 2\Bawga toilet rule(26-27).docx\2

၁၅။ လိုင်စင်ရရှိသူသည် လုပ်ကိုင်ခွင့်ရသည့်လုပ်ငန်းကို အခြားသူသို့ တဆင့်အငှားချထားခြင်း၊ ရောင်းချခြင်း မပြုရ။

၁၆။ လိုင်စင်ရရှိသူသည် အထက်ပါသတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရမည်–

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေကျပ်(၁၀၀,၀၀၀/–)တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်အပြီး ပိတ်သိမ်းခြင်းနှင့် အမည်ပျက်စာရင်း တင်သွင်းခြင်း၊ အာမခံအပ်ငွေများအား ကော်မတီဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်း၊ လိုင်စင်ကြေးအကြေနှင့် ဒဏ်ကြေး ပေးသွင်းထားသူမှအပ အာမခံတင်သွင်းထားသော ပစ္စည်းများကို လေလံတင်ရောင်းချ၍ ရရန်ရှိသည်တို့ကို သိမ်းယူခြင်း။

လေလံတင်ရောင်းချရေးအဖွဲ့

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

C:\Users\USER\Desktop\Rule 26-27 - 2\Bawga toilet rule(26-27).docx\3